# ၁၉၅၄ ခုနှစ်၊ ကရင်ပြည်နယ်ကောင်စီ (သဘာပတိနှင့် ဒုတိယ သဘာပတိလစာနှင့်စရိတ်ကြေးငွေများ) (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ ကရင်ပြည်နယ်အက်ဥပဒေအမှတ် ၁။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ ကရင်ပြည်နယ်ကောင်စီ (သဘာပတိနှင့် ဒုတိယသဘာပတိ လစာနှင့်စရိတ်ကြေးငွေများ) (ဒုတိယ ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍၊ အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ်ကောင်စီ (သဘာပတိ နှင့် ဒုတိယ သဘာပတိလစာနှင့်စရိတ်ကြေးငွေများ) အက်ဥပဒေ(၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ် အက်ဥပဒေအမှတ် ၃) ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) အစား၊ အောက်ပါပြဋ္ဌာန်းချက်ကို ထည့်သွင်းရမည်။

> ''(ခ) ကရင်ပြည်နယ် ကောင်စီ သဘာပတိ အား၊ နေအိမ် အစား တလလျှင်စရိတ်ငွေ ၁၅၀ (တရာ့ငါးဆယ်ကျပ်) ကို ထုတ်ပေးရမည်။ ယာဉ်ရထားတစီးကိုလည်း လိုအပ်သော စရိတ်နှင့်တကွ အခမဲ့ သုံးပိုင်ခွင့်ပေးရမည်။''

ပ၊မ၊ဗ၊စ၊—အမှတ် ၁၊ တရားရေးဝန်ကြီးဌာန၊ ၄-၁၁-၅၄—၂,၀၀၀—၂။
အုပ်ရေ—၁၀ ပြား]